# ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲမှု
# ပညာရေးဥပဒေ မရေးမီ ပညာရေးမူဝါဒကိုဦးစွာ ဆွေးနွေးသင့်ပါသည်။

**ဒေါက်တာသိန်းလွင်**

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network for Education Reform - NNER) မှ ကျင်းပခဲ့သည့် ပညာရေးညီလာခံမှ ထွက်ပေါ်လာသော အမျိုးသားပညာရေးမူဝါဒ (မူကြမ်း) ကို ပြည်သူ့လွှတ်တော်နှင့်နိုင်ငံတော်သမ္မတထံ တင်သွင်းခဲ့ပြီးနောက် "ဘယ်အဆင့်ရောက်ပြီလဲ" ဟူသော မေးခွန်းများမကြာခဏမေးမြန်းကြသဖြင့် ဤဆောင်းပါးဖြင့်ဖြေကြားအပ်ပါသည်။

ပညာရေးညီလာခံကို အင်းစိန်၊ ခဝဲခြံရှိ "ရန်ကုန်မျက်မမြင်ကျောင်း" တွင် ၂၀၁၃ ဖွန်လ ၈-၉ နေ့များတွင်ကျင်းပခဲ့ပြီး ညီလာခံမှထွက်ပေါ်လာသည့်အကြံပြုချက်များကို ပညာရေးမူဝါဒ (မူကြမ်း) အဖြစ် ရေးသား၍ ဖွန်လ (၁၈) ရက်နေ့တွင် နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့်တကွ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့တင်သွင်းခဲ့ပါသည်။ အဆိုပါ ပညာရေးမူဝါဒ (မူကြမ်း) ကို မြန်မာနိုင်ငံဒေသ အသီးသီးရှိ ပညာရေးအဖွဲ့အစည်းများ၊ စာပေယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသို့ ပေးပို့ခဲ့ရာ ကြိုဆိုထောက်ခံမှုများစွာ ရရှိခဲ့ပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှကြေညာချက် ထွက်၍ ကြိုဆိုထောက်ခံခဲ့ပါသည်။ ကျောင်းသားသမဂ္ဂများကလည်း ကြေငြာချက်ထွက်၍ ထောက်ခံကြ ပါသည်။ မသန်စွမ်းသူများ၏ ပညာရေးဆောင်ရွက်သောအဖွဲ့အစည်းများမှလည်း ထောက်ခံကြပါသည်။ အခြားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များစွာတို့မှလည်း နှုတ်အားဖြင့် ကြိုဆိုထောက်ခံကြပါသည်။ ကုလ သမဂ္ဂအဖွဲ့အစည်းများဖြစ်ကြသော UNESCO, UNICEF နှင့် ILO တို့အပါအဝင်နိုင်ငံတကာအဖွဲ့အစည်းများ မှလည်း NNER အဖွဲ့သားများကိုလာရောက်တွေ့ဆုံ၍ ပညာရေးမူဝါဒ (မူကြမ်း) အပေါ် ချီးမွမ်းပြောဆို ကြပါသည်။ မူဝါဒ (မူကြမ်း) တွင် ရှေးဦးကလေးသူငယ်ပညာရေးမှ စတင်၍အဆင့်မြင့်ပညာအထိ ကဏ္ဍ (၁၃) ခု တွင် မူဝါဒချမှတ်ရန် အကြံပြုချက်များပါဝင်ပါသည်။

## အဆင့်မြင့်ပညာရေး ဆွေးနွေးပွဲ

နေပြည်တော် သိင်္ဂဟဟော်တယ်၌ ၂၀၁၃ ခုနှစ်၊ ဖွန်လ၂၉-၃၀ တွင် ကျင်းပခဲ့သည့် အဆင့်မြင့် ပညာရေး ဆွေးနွေးပွဲ (Higher Education Dialogue) သို့ NNER အဖွဲ့သားများကို ဖိတ်ကြားခဲ့ပါသည်။ အဆင့်မြင့် ပညာရေးဆွေးနွေးပွဲကို ဗြိတိသျှကောင်စီမှကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပညာရေးဒုဝန်ကြီးနှင့် တက္က သိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ တိုင်းရင်းသား အဖွဲ့များ၊ NNER အဖွဲ့သားများနှင့် ဒေါ်အောင်ဆန်းစုကြည်လည်းတက်ရောက်ပါသည်။ NNER မှ ပညာရေး မူဝါဒ (မူကြမ်း) တွင်ပါဝင်သည့် အဆင့်မြင့်ပညာရေးမူဝါဒကို ရှင်းလင်းတင်ပြပါသည်။ ဒေါ်အောင်ဆန်း စုကြည်၏ ထောက်ခံမှုကိုရရှိပြီး အင်္ဂလန်နှင့်ဩစတြေးလျမှလာရောက်သော ပါမောက္ခများကလည်း ထောက် ခံကြပါသည်။ ပညာရေးဝန်ကြီးနှင့်လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဝင်များမှ NNER မူဝါဒအပေါ် တုံ့ပြန် ပြောဆိုခြင်းမရှိဘဲ ပညာရေးဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းများနှင့် လွှတ်တော်တွင်း ဥပဒေ ပြုမှုကိစ္စများကိုသာ ပြောဆိုကြပါသည်။

## သမ္မတကြီးနှင့်တကွ ပညာရေးဝန်ကြီးများနှင့် ဆွေးနွေးပွဲ

၂၀၁၃ ဇူလိုင်လ (၁၃) ရက်နေ့တွင် NNER ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာတင်လှိုင်၊ ဒေါက်တာသန့်လွင်မောင်၊ ဒေါက်တာသိန်းလွင် နှင့် ဒေါ်သူသူမာတို့သည် နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပညာရေးဝန်ကြီးများဖြစ်သော ဒေါက်တာမြအေး နှင့် ဒေါက်တာမျိုးမြင့်၊ သမ္မတရုံးဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့နှင့် ပညာရေးမူဝါဒဆိုင်ရာကိစ္စကို တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါသည်။ သမ္မတကြီး

ဦးသိန်းစိန်မှ NNER ၏ပညာရေးမူဝါဒ (မူကြမ်း) စာတမ်းကိုကိုင်ပြီး သူဖတ်ပြီးကြောင်း၊ အားလုံးကောင်းကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် ပြောကြားပါသည်။ NNER ကိုယ်စားလှယ်များက ပညာရေးမူဝါဒ (မူကြမ်း) ထွက်ပေါ်လာပုံအကြောင်း၊ မူဝါဒကိုလွှမ်းခြုံသည့် အခြေခံမူများနှင့်ဦးစားပေးဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်းတင်ပြကြပါသည်။

ဦးစားပေးလုပ်ဆောင်ရန် တင်ပြချက်များမှာ တက္ကသိုလ်၊ ကျောင်း၊ ဆရာ၊ ဆရာမများ နှင့် ကျောင်းသူ ကျောင်းသားများ၏ ပညာရေးလွတ်လပ်ခွင့်ရှိရန်၊ ဆရာ၊ဆရာမများ၏အရည်အသွေးမြှင့်တင်ရန်၊ စာမေးပွဲစနစ် ကိုပြုပြင်ရန်၊ တိုင်းရင်းသား ဘာသာစကားအုပ်စုကြီး (၈) ခုကို ကျောင်းသင်ဘာသာရပ်အဖြစ် အသုံးပြုရန်၊ ဘုန်းတော်ကြီးသင်ကျောင်းများကို အားပေးရန်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များကို တိုးမြှင့် သင်ကြားရန်တို့ဖြစ်ပါသည်။ NNER ကိုယ်စားလှယ်များတင်ပြပြီးနောက် သမ္မတကြီးက ဝန်ကြီးများအား "ဘာပြောရန် ရှိသလဲ" ဟုမေးရာ ဝန်ကြီးများက ပြောရန်မရှိကြောင်း၊ နားထောင်ရန် အတွက်သာ လာခြင်းဖြစ်ကြောင်းပြောပါသည်။ သမ္မတကြီး က နိဂုံးချုပ်စကားပြောကြားရာတွင် NNER ၏ ပညာရေးမူဝါဒ (မူကြမ်း) ကို NLD ၏ လွှတ်တော်အမတ်များက ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် အကြံပြုပါသည်။ သမ္မတကြီး၏ အကြံပြုချက်ကို NLD ဗဟိုအလုပ်အမှု ဆောင်အဖွဲ့သို့တင်ပြရာ အမျိုးသား ပညာရေးမူဝါဒ (မူကြမ်း) ကို NLD မှ စတင်ဆွေးနွေးရန်ကိစ္စကို အလျင်စလိုမလုပ်ရန် သဘောထား ရရှိပါသည်။ အကြောင်းမှာ ပညာရေးမူဝါဒ (မူကြမ်း) အပေါ် ပညာရေးဝန်းကြီးဌာန၏ သဘောထား ကိုမသိရှိခြင်းနှင့် ပြည်သူ့ လွှတ်တော်တွင် NLD မှလွှတ်တော်ကိုယ်စားလှယ်များ အနည်း စုသာဖြစ်နေခြင်း တို့ကြောင့်ဖြစ်ပါသည်။

**ဒေါက်တာမောင်သင်းပြုစုသည့် အမျိုးသားပညာရေးဥပဒေ (မူကြမ်း)**

NNER ၏အမျိုးသားပညာရေးမူဝါဒ (မူကြမ်း) ကို ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီသို့ တင်သွင်းထားပြီးဖြစ်သော်လည်း ဤမူဝါဒ (မူကြမ်း) ကို မဆွေးနွေးဘဲ ဒေါက်တာမောင်သင်းပြုစုသည့် "၂၀၁၃ ခုနှစ်အမျိုးသားပညာရေးဥပဒေ (မူကြမ်း)" ကို ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီတွင် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း သိရပါသည်။ အဆိုပါ ဒေါက်တာမောင်သင်းပြုစုသည့် ဥပဒေ (မူကြမ်း) သည် ပညာရေးစီမံခန့်ခွဲမှုတွင် ဗဟိုအစိုးရပညာရေးဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်/တိုင်း အစိုးရများသို့ အာဏာလွှဲပြောင်းသည့်ကိစ္စမှလွဲ၍ တက္ကသိုလ်နှင့်ကျောင်းများ၏ ပညာရေးလွတ်လပ်ခွင့်၊ ဆရာ၊ ဆရာမများ၏ ပညာရေးလွတ်လပ်ခွင့်၊ ကျောင်းသူ ကျောင်းသားများ၏ လွတ်လပ်ခွင့်၊ ဆရာ၊ ဆရာမ များ၏ အရည်အသွေး မြှင့်တင်မှုနှင့် စာမေးပွဲစစ်ဆေးသည့် စနစ်များတွင် ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ယခင်စစ် အစိုးရလက်ထက်က ပြုမူခဲ့သည့်အတိုင်းသာ တွေ့ရပါသည်။ ထို့ပြင် ကျောင်းသားများ၏ လွတ်လပ်မှုနှင့် ပညာအရည်အသွေး မြင့်မားရေးထက် တားမြစ်ချက်များကို ဦးစားပေးထားပါသည်။ ဆရာ၊ ဆရာမများ၏ တာဝန်ကဏ္ဍတွင်လည်း "လုံခြုံရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရမည်" ဟုဆိုထားသဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသားများ၏ တိုးတက်မှုကို တာဝန်ခံ ရမည့်အစား အုပ်ချုပ်သူ အစိုးရ၏လုံခြုံရေး ကိစ္စများတွင် တာဝန်ပေးထားသည်ကို တွေ့ရပါသည်။ ဒေါက်တာမောင်သင်း ပြုစုသည့် ဥပဒေ (မူကြမ်း) သည် ပြည်သူလူထု၊ ကျောင်းသူ ကျောင်းသားများ၊ ဆရာ၊ ဆရာမများ၏ ဆန္ဒသဘောထားမပါဘဲ အုပ်ချုပ်သူတို့၏ ဆန္ဒအတိုင်းသာ ရေးသားထားသည်ဟု သုံးသပ် မိပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးအဖွဲ့များဆွေးနွေးပွဲ**

၂၀၁၃ စက်တင်ဘာလ (၇) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးအဖွဲ့များ ဖြစ်သော ပညာရေးကော်မတီ၊ ပညာရေးကွန်ရက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထား သော လွှတ်တော်ပညာရေးကော်မတီတို့ တော်ဝင်နှင်းဆီတွင် ပညာရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်

ကျင်းပခဲ့ပါသည်။ ဆွေးနွေးသည့်အကြောင်းအရာများမှာ လွှတ်တော်အတွင်းဆွေးနွေးနေသည့် ပညာရေးကိစ္စများနှင့် NNER ၏ အမျိုးသားပညာရေးမူဝါဒ (မူကြမ်း) ၏ ဖြစ်ပေါ်တိုးတက်မှုများဖြစ်ပါသည်။ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံပြုချက်များမှာ

၁။ လွှတ်တော်အတွင်း၌ ပညာရေးကိစ္စဆွေးနွေးရာတွင် ပညာရေးအယူအဆနှင့်မူဝါဒဆိုင်ရာ ကိစ္စများကို အကျေအလည်ဆွေးနွေးပြီးမှသာ ဥပဒေမူကြမ်း ရေးသားရန်။

၂။ အကယ်၍ လွှတ်တော်၏လုပ်ထုံးလုပ်နည်းသည် မူဝါဒကို မဆွေးနွေးဘဲ ဥပဒေ (မူကြမ်း) ကိုသာ ဆွေးနွေးမည်ဆိုလျှင် NNER ၏ ပညာရေးမူဝါဒ (မူကြမ်း) ကို ဥပဒေ (မူကြမ်း) အဖြစ်ရေးသားရန်တို့ ဖြစ်ပါသည်။

**နိဂုံး။ ပညာရေးဥပဒေ မရေးမီ ပညာရေးမူဝါဒကို ဦးစွာဆွေးနွေးသင့်ပါသည်။**

ပြည်သူလူထု၏ဆန္ဒကို အခြေခံသောပညာရေးမူဝါဒကို ဆွေးနွေးခြင်းမပြုဘဲ ပညာရေးဥပဒေ တင်သွင်းသည့်ကိစ္စသည် မသင့်လျော်ပါ။ ပြည်သူလူထု၏သဘောဆန္ဒကို ကောက်ယူခြင်းလည်းမရှိ၊ မူဝါဒဆိုင်ရာကိစ္စများကို ကျေကျေလည်လည်ဆွေးနွေးခြင်းလည်းမရှိဘဲ လွှတ်တော်သို့တင်သွင်းခဲ့သည့် တက္ကသိုလ်ဥပဒေ (မူကြမ်း)၊ အသင်းအဖွဲ့ဥပဒေ (မူကြမ်း) နှင့် မီဒီယာဥပဒေ (မူကြမ်း) တို့သည် ဆန့်ကျင်ကန့်ကွက်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ပညာရေးကိစ္စတွင် ချောချောမွေ့မွေ့ဖြစ်ရန်အတွက် ပညာရေးမူဝါဒကို ကျေကျေလည်လည်ဆွေးနွေးပြီးမှသာ အဆိုပါမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း ဤဆောင်းပါးဖြင့်အကြံပြုအပ်ပါသည်။

စာရေးသူ ဒေါက်တာသိန်းလွင် သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးကော်မတီဝင်လည်းဖြစ်ပြီး ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) ၏ ဦးဆောင်သူ တစ်ဦးလည်း ဖြစ်ပါသည်။

Dr. Thein Lwin
Date: 17 September 2013